# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၃၈ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

( ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

## မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်ပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **"မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေး လုပ်ငန်းကော်မတီ"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>သတင်းအချက်အလက်နည်းပညာနှင့်<br>ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းစဉ်များကို အဆင့်အလိုက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး တာဝန်ယူအကောင်အထည်ဖော်ရန်၊

(ခ) ဂြိုဟ်တုစနစ်တည်ထောင်ပြီးနောက် စနစ်တကျထိန်းချုပ်သုံးစွဲနိုင်သည့် လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊

(ဂ) ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်မည်ဆိုပါက မလွှတ်တင်မီ၊ လွှတ်တင်ရန် ဆောင်ရွက်ဆဲနှင့် လွှတ်တင်ပြီးနောက် လုပ်ငန်းစဉ်များအလိုက်ဆောင်ရွက်မှုကို ဦးဆောင်ကော်မတီသို့ တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်ရန်၊

(ဃ) ပြည်တွင်း /ပြည်ပပညာရှင်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ဂြိုဟ်တုနှင့် အာကာသနည်းပညာဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

(င) ဂြိုဟ်တုစနစ်တည်ထောင်ရေးနှင့် သက်ဆိုင်သော လွှတ်တင်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် မြေပြင်စီမံခန့်ခွဲမှုများ ဆောင်ရွက်ရန်၊ ဂြိုဟ်တု များကို ပြည်တွင်း၊ Transponder ပြည်ပသို့ငှားရမ်း၍ နိုင်ငံတော်ဝင်ငွေပြန်လည်ရရှိအောင် ဆောင်ရွက်ရန်၊

(စ) လိုအပ်မည့် နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ဦးဆောင်ကော်မတီသို့ တင်ပြဆောင်ရွက်ရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၅ – ၁ – ၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈ / ၂၀၁၇ နှင့် ၂၇ – ၆ – ၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅ / ၂၀၁၇ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး